# ပိုက်ဆံပြန်ရရန် အခွန်ငွေပြန်တင်သွင်းပါ



သင်သည် အလုပ်လုပ်ရာမှရသည့်ဝင်ငွေအတွက် ဗဟိုအစိုးရ၏အခွန်မှ နုတ်ငွေနှင့်ကလေးအတွက် အခွန်မှနုတ်ငွေတို့ကိုတောင်းဆိုသည့်အခါ အခွန်ပြန်အမ်းငွေဒေါ်လာထောင်ပေါင်းများစွာ ရရှိရန်သတ်မှတ်ချက်နှင့် ပြည့်မီနိုင်ပါသည်။

## သင်၏အခွန်မှနုတ်ငွေများ ရယူပုံ-

**1 သင်သတ်မှတ်ချက်နှင့် ပြည့်မီခြင်း ရှိမရှိ ကြည့်ပါ**

သင်မည်မျှရနိုင်သည်ကို TaxOutreach.org/TaxCredits တွင် ကြည့်ပါ။

**2 အခမဲ့အခွန်အကူအညီ ရှာပါ**

သင်သည် သာမန်အားဖြင့် အခွန်တင်သွင်းခြင်း မရှိပင်လျှင် GetYourRefund.org တွင် ကြည့်ပါ၊ သို့မဟုတ် 800-906-9887 ကို ဖုန်းဆက်ပါ။

**3 သင်၏အခွန်များကို တင်သွင်းပါ**

2024 ခုနှစ် ဧပြီလ 15 ရက်နောက်ဆုံးထား၍ အွခန်ပြန်တွင်သင်းရန် အခမဲ့အကူအညီ ရယူပါ။

## အခွန်အတွက်ရက်ချိန်းသို့ ယူဆောင်လာရမည့်အရာများ-

- ❑ ဓာတ်ပုံပါသည့် တရားဝင် ID
- ❑ သင့်အခွန်တင်သွင်းမှုတွင် ပါရှိသူအားလုံး၏ ဆိုရှယ်စကျူရီတီ ကတ်ပြား၊ ဆိုရှယ်စကျူရီတီနံပါတ် အတည်ပြုစာ သို့မဟုတ် ITIN
- ❑ W-2 သို့မဟုတ် 1099 ပုံစံများ
- ❑ ပုံစံ 1095-A
- ❑ IRS အကြောင်းကြားစာများ
- ❑ ရှိခဲ့သော်၊ 2021 နှင့် 2022 အခွန်တင်သွင်းမှုများ
- ❑ ရှိခဲ့သော်၊ မည်သူမည်ဝါဖြစ်ကြောင်း ကာကွယ်မှုအတွက် PIN (IP PIN)

**နောက်ထပ်အချက်အလက်များကို TaxOutreach.org/TaxCredits တွင် ကြည့်ပါ၊ သို့မဟုတ် IRS ကို 1-800-829-1040 တွင် ဖုန်းဆက်ပါ။**



# အလုပ်လုပ်ရာမှရသည့်ဝင်ငွေခွန်မှ နုတ်ငွေ (EITC) နှင့် ကလေးအတွက် အခွန်မှနုတ်ငွေ (CTC) သတ်မှတ်ချက်နှင့် ပြည့်မီမှု-

**သင့်၌သားသမီးမရှိပါက အောက်ပါအခြေအနေများတွင် EITC $600 အထိ ရရှိရန် သတ်မှတ်ချက်နှင့် ပြည့်မီနိုင်ပါသည်-**

**အသက်-**

သင်သည် 2023 ခုနှစ် ဒီဇင်ဘာလ 31 ရက်နေ့တွင် အသက် 25 နှစ်နှင့် 64 နှစ်အကြားရှိသည်။

**2023 ခုနှစ် ဝင်ငွေ-**

သင်သည် အလုပ်လုပ်ရာမှ $17,640 အောက် (အိမ်ထောင်ရှိပါက $24,210) ဝင်ငွေရရှိခဲ့သည်။

**သင်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံသားမဟုတ်ပါက အောက်ပါအခြေအနေများတွင် သတ်မှတ်ချက်နှင့် ပြည့်မီနိုင်ပါသည်-**

- **EITC-** သင်၊ သင့်ဇနီးခင်ပွန်းနှင့် သင်တောင်းဆိုသည့် မည်သည့်ကလေးမဆို၌ တရားဝင် ဆိုရှယ်စကျူရီတီနံပါတ် (SSN) ရှိသည်။
- **CTC-** သင်တောင်းဆိုသည့် မည်သည့်ကလေးမဆို၌ SSN ရှိသည်။ သင်နှင့် သင့်ဇနီးခင်ပွန်း၌ SSN သို့မဟုတ် တစ်ဦးချင်း အခွန်ထမ်း မှတ်ပုံတင်နံပါတ် (ITIN) ရှိရပါမည်။

## ကျွန်ုပ် သတ်မှတ်ချက်နှင့် ပြည့်မီပါသလား။

**အခွန်ကောက်ချိန်၌ အလုပ်လုပ်ရာမှရသည့် ဝင်ငွေခွန်မှ နုတ်ငွေနှင့် ကလေးအတွက်အခွန်မှ နုတ်ငွေတို့ကြောင့်** သင်မှပေးရမည့် အခွန်များပိုနည်းပြီး ငွေပြန်ရနိုင်ပါသည်။ သင်သည် 2023 ခုနှစ်တွင် အလုပ်လုပ်ခဲ့ပါက ဤနုတ်ငွေများအတွက် သတ်မှတ်ချက်နှင့် ပြည့်မီနိုင်ပါသည်။

**အများပြည်သူ အကျိုးခံစားခွင့်များ-**

- အခွန်ငွေမှ နုတ်ပေးရန် ဤငွေများ တောင်းဆိုသဖြင့် SNAP (ဖုစတင့်)၊ SSI၊ Medicaid၊ ထောက်ပံ့ကြေး သို့မဟုတ် ပြည်သူ့အိုးအိမ်ကဲ့သို့ ဗဟိုအစိုးရ၏ အကျိုးခံစားခွင့်များအတွက် သတ်မှတ်ချက်နှင့် ပြည့်မီမှုကို ပြောင်းလဲမည် မဟုတ်ပါ။
- အခွန်ပြန်အမ်းငွေကို သင်စုဆောင်းပါက၊ ဗဟိုအစိုးရမှ ထောက်ပံ့သည့် အကျိုးခံစားခွင့် အစီအစဉ် အရင်းအမြစ်/ပိုင်ဆိုင်မှု ကန့်သတ်ချက်များအတွက် ပြန်အမ်းငွေရရှိပြီးနောက် 12 လကြာ ယင်းကို ထည့်တွက်မည် မဟုတ်ပါ။

## သင့်၌သားသမီးများရှိပါက အောက်ပါ အခြေအနေများတွင် EITC နှင့် CTC ရရှိရန် သတ်မှတ်ချက်နှင့် ပြည့်မီနိုင်ပါသည်-

**နေထိုင်ခြင်း-**

- သင့်သားသမီးများသည် 2023 ခုနှစ်ထက်ဝက်ကျော် သင်နှင့် နေခဲ့သည်။

**အသက် - သားသမီးများသည်-**

- **EITC-** 2023 ခုနှစ် ဒီဇင်ဘာလ 31 ရက်နေ့တွင် 18 နှစ်နှင့်အောက် ရှိရမည် (အချိန်ပြည့်ကျောင်းသားများသည် အသက် 24 နှစ်အောက် ဖြစ်နိုင်ပြီး ရာသက်ပန် လုံးဝမသန်စွမ်းသည့် သားသမီးများသည် မည်သည့်အရွယ်မဆို ဖြစ်နိုင်သည်)။
- **CTC-** 2023 ခုနှစ် ဒီဇင်ဘာလ 31 ရက်တွင် 16 နှစ်နှင့်အောက် ရှိရမည်။

**2023 ခုနှစ်ဝင်ငွေ-**

- **ဗဟိုအစိုးရ၏ CTC**အတွက် သင်သည် အလုပ်လုပ်ရာမှ $2,500 ကျော်ရရှိပါက ကလေးတစ်ဦးလျှင် $2,000 အထိ အခွန်မှ နုတ်ပေးရန် တောင်းဆိုနိုင်ပါသည်။
- **ဗဟိုအစိုးရ၏ EITC**အတွက် သင်အလုပ်လုပ်ရာမှ ရသည့်ဝင်ငွေများသည် အောက်ပါ ကန့်သတ်ချက်များထက် ပိုနည်းရပါမည်-

| သားသမီး အရေအတွက် | ဤသည်ထက် ဝင်ငွေပို နည်းသည့် လူလွတ် အလုပ်သမားများ- | ဤသည်ထက် ဝင်ငွေပို နည်းသည့် အိမ်ထောင်သည် အလုပ်သမားများ- | ဤအထိ EITC- |
|---|---|---|---|
| ကလေး 1 ဦး | $46,560 | $53,120 | $3,995 |
| သားသမီး 2 ဦး | $52,918 | $59,478 | $6,604 |
| သားသမီး 3 ဦးနှင့်အထက် | $56,838 | $63,398 | $7,430 |

**2021 တိုးမြှင့်ထားသည့် အခွန်မှ နုတ်ငွေများကို တောင်းဆိုရန် နောက်မကျလွန်းသေးပါ။ ကပ်ရောဂါကြောင့် EITC နှင့် ကလေးအတွက် အခွန်မှနုတ်ငွေတို့ကို တိုးမြှင့်လိုက်ပြီး ပိုမိုများပြားသည့် လူများကို ပေးခဲ့ပါသည်။** ဤတိုးမြှင့်မှုသည် ပြီးဆုံးသွားပြီ ဖြစ်သော်လည်း သင်သည် 2021 ခုနှစ် တိုးမြှင့်ထားသည့် EITC၊ 2021 ခုနှစ် တိုးမြှင့်ထားသည့် ကလေးအတွက် အခွန်မှနုတ်ငွေ၊ သို့မဟုတ် စီးပွားရေး လှုံ့ဆော်ရန် ပေးသည့် ချက်လက်မှတ် သုံးစောင်အနက် တစ်စောင်စောင်အတွက် သတ်မှတ်ချက်နှင့် ပြည့်စုံခဲ့ပြီး ယင်းတို့ကို တောင်းဆိုခဲ့ခြင်း မရှိပါက သိပ်နောက်မကျသေးပါ။ TaxOutreach.org/expanded တွင် ပိုမိုလေ့လာနိုင်ပါသည်။